# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ဆုံးဖြတ်ခဲ့သော
# ၂၀၁၂ ခုနှစ်၊ တင်သွင်းလွှာအမှတ် - ၃ အား
# လေ့လာတင်ပြခြင်း


စာတမ်းပြုစုသူများ-

၁။ ဦးအောင်စည်သူ
ဒုတိယညွှန်ကြားရေးမှူး
ပစ္စည်းထောက်ပံ့ဌာနခွဲ

၂။ ဒေါ်မေသန္တာစိုး
ဒုတိယဦးစီးမှူး
နိုင်ငံတကာဆက်ဆံရေးဌာနခွဲ



ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်

# မာတိကာ


- နိဒါန်း
- ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
- နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေနှင့် နည်းဥပဒေ
- နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တင်သွင်းခဲ့သည့် တင်သွင်းလွှာ အမှတ် ၃/၂၀၁၂
- တင်သွင်းလွှာပါတင်ပြချက်အကျဉ်း
- တင်သွင်းလွှာတင်သွင်းသူ၏ လျှောက်လဲတင်ပြချက်များ
- ပြန်လည်ရှင်းလင်းသည့် ပုဂ္ဂိုလ်ဖြစ်သည့် နိုင်ငံတော်ကိုယ်စား ပြည်ထောင်စု ရှေ့နေချုပ်ရုံး၏ လျှောက်လဲတင်ပြချက်များ
- ခုံရုံးက အဓိကဆုံးဖြတ်ရမည့်အချက်များ
- ခုံရုံး၏ သုံးသပ်ချက်
- ခုံရုံး၏ ဆုံးဖြတ်ချက်
- တွေ့ရှိတင်ပြချက်
- နိဂုံး
- ကျမ်းကိုးစာရင်း

## နိဒါန်း

၁။ **၂၀၁၂** ခုနှစ်တွင် တင်သွင်းခဲ့သော တင်သွင်းလွှာ **အမှတ်-၃** မှာ **"မွန်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်"** ဖြစ်ပါသည်။ တင်သွင်းလွှာမှာ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ ပါ ဥပဒေပြုစာရင်းရှိ ကိစ္စရပ်များကို ဥပဒေပြုရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၆ နှင့် ဆန့်ကျင်ခြင်း ရှိ မရှိ ဆုံးဖြတ်ချက်ရယူရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၆(ခ)နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၁၅(ခ) တို့အရ ပြည်တောင်စု လွှတ်တော်နာယကထံမှတစ်ဆင့် ၇.၆.၂၀၁၂ ရက်နေ့တွင် တင်သွင်းလွှာ ပေးပို့၍ လျှောက်ထားခဲ့သည့် တင်သွင်းလွှာဖြစ်ပါသည်။ တင်သွင်းလွှာတင်သွင်းခဲ့သည့် မွန်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေက ၎င်းကိုယ်တိုင် လျှောက်လဲတင်ပြခဲ့ပြီး ပြန်လည် ရှင်းလင်းရသည့် ပုဂ္ဂိုလ်ဖြစ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုယ်စား ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က လျှောက်လဲတင်ပြခဲ့ပါသည်။

### ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

၂။ မြန်မာ့ဖွဲ့စည်းပုံအခြေခံဥပဒေသမိုင်းတွင် ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေပုဒ်မ ၁၅၁ အရ "... ပြည်သူအတွက်အရေးကြီးသော ဥပဒေကြောင်းဆိုင်ရာ ပြဿနာ ပေါ်လျှင်၊ ပေါ်ရန်အကြောင်းရှိလျှင် နိုင်ငံတော်သမ္မတသည် ထိုပြဿနာကို တရားလွှတ်တော် ချုပ်သို့ လွှဲအပ်နိုင်သည်။ တရားလွှတ်တော်ချုပ်ကလည်း ကြားနာစစ်ဆေးပြီး သမ္မတထံ အစီရင်ခံနိုင်ရမည်။ ..." ဟူ၍ ပြဋ္ဌာန်းကျင့်သုံးခဲ့ကြသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှု၊ ဥပဒေအနက်အဓိပ္ပါယ်ဖွင့်ဆိုမှုတို့ကို ထိုစဉ်က တရားလွှတ်တော်ချုပ်က အဆုံး အဖြတ်ပေးခဲ့ပါသည်။

၃။ ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၀ နှင့် ၂၀၁ တို့အရ "နိုင်ငံတော် ကောင်စီ၊ ဗဟိုနှင့်ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များသည် အခြေခံဥပဒေနှင့်ကိုက်ညီခြင်း ရှိ၊ မရှိ ဆုံးဖြတ်ရန်" လိုအပ်ပါကလည်းကောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရန် ပေါ်ပေါက်လာပါကလည်းကောင်း ပြည်သူ့ လွှတ်တော်ကသာ ဆုံးဖြတ်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းကျင့်သုံးခဲ့ကြသည်။

၄။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် နိုင်ငံတော်အခြေခံမူများ သတ်မှတ်ရေးအတွက် ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးက အခြေခံမူ ၁၀၄ ချက် ချမှတ်ခဲ့ပါသည်။ ထိုအစည်းအဝေးတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်သော အခြေခံမူကို နိုင်ငံရေးပါတီမှကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစရှိသည့် အမျိုးသားညီလာခံအစုအဖွဲ့ (၈) ဖွဲ့ ကိုယ်စားလှယ်အားလုံးက အညီအညွတ် သဘောတူ ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။ ၂၀၀၇ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့တွင် ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် “နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး” ဖွဲ့စည်းရေး၊ အဖွဲ့ဝင်များ၏ အရည်အချင်း၊ ခုံရုံးသက်တမ်း၊ အဖွဲ့ဝင်များအပေါ် စွပ်စွဲပြစ်တင်ခြင်း၊ ခုံရုံး၏ လုပ်ငန်းတာဝန်များနှင့် ခုံရုံးအဓိပ္ပါယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားရယူရန်ကိစ္စများကို သတ်မှတ်သည့်နည်းလမ်းနှင့်အညီသာ တင်သွင်းခွင့်ရှိစေရေးစသည့် ခုံရုံးနှင့်စပ်လျဉ်းသော အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်ခဲ့ကြသည်။

၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခန်းပေါင်း ၁၅ ခန်းနှင့် ပုဒ်မပေါင်း ၄၅၇ ခု ပါဝင်သည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၁ နိုင်ငံတော်၏ အခြေခံမူများအခန်းတွင် ပါရှိသော အခြေခံဥပဒေပုဒ်မ ၄၆ အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်များနှင့် ပြည်နယ်လွှတ်တော်များက ပြဋ္ဌာန်းသည့်ဥပဒေများသည်လည်းကောင်း၊ ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ၏ အုပ်ချုပ်မှုဆိုင်ရာ အာဏာပိုင်များ၏ ဆောင်ရွက်ချက်များသည်လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိ၊ မရှိစိစစ်ခြင်း၊ ပြည်ထောင်စုနှင့်တိုင်းဒေသကြီးအကြား၊ ပြည်ထောင်စုနှင့် ပြည်နယ်အကြား၊ တိုင်းဒေသကြီးအချင်းချင်း၊ ပြည်နယ်အချင်းချင်း၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုအကြား၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု

အချင်းချင်းဖြစ်ပေါ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ကြားနာဆုံးဖြတ်ခြင်းနှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေက အပ်နှင်းသည့် အခြားတာဝန်များဆောင်ရွက်နိုင်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးကို ၂၀၁၁ ခုနှစ်၊ မတ် လ ၃၀ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။

၆။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၀ အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးကို ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် ၉ ဦးဖြင့် ဖွဲ့စည်းထားရှိပြီး ခုံရုံး၏သက်တမ်းသည် ၅ နှစ်ဖြစ်ပါသည်။ နိုင်ငံတော်သမ္မတက ရွေးချယ်ထားသည့် အဖွဲ့ဝင် ၃ ဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင် ၃ ဦး နှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ရွေးချယ်သည့် အဖွဲ့ဝင် ၃ ဦး၊ စုစုပေါင်း အဖွဲ့ဝင် ၉ ဦးကို ရွေးချယ်ပြီး ၎င်းတို့အနက် ခုံရုံးဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့နှင့်ညှိနှိုင်း၍ ရွေးချယ်သည့်အဖွဲ့ဝင်တစ်ဦး၏ အမည်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းပြီး သဘောတူညီချက်ရယူ၍ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးရသည်။

၇။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၂ ၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ လုပ်ငန်းတာဝန်များကို ပြဋ္ဌာန်းထားပါသည်။ ပုဒ်မ ၃၂၃ အရ တရားရုံးတစ်ရုံးသည် အမှုကိုစစ်ဆေးစီရင်ရာတွင် ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်မှု ရှိ မရှိ၊ ညီညွတ်မှု ရှိ မရှိ အငြင်းပွားမှုပေါ်ပေါက်ပါက ထိုအငြင်းပွားမှုနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက တစ်စုံတစ်ရာဆုံးဖြတ်ချက် ချမှတ်ထားခြင်းမရှိသေးလျှင် အဆိုပါတရားရုံးသည် အမှုစစ်ဆေးစီရင်ခြင်းကို ရပ်ဆိုင်းထားပြီး မိမိ၏ထင်မြင်ချက်ကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ခုံရုံးသို့ တင်ပြ၍ အဆုံးအဖြတ်ရယူနိုင်သည်။ ယင်းအငြင်းပွားမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်သည် အမှုအားလုံးနှင့် သက်ဆိုင်စေရမည်ဖြစ်သည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၄ တွင် ပြဋ္ဌာန်းထားသည်။

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေနှင့် နည်းဥပဒေ

၈။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကို ဖွဲ့စည်းနိုင်ရန်နှင့် ခုံရုံး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ခုံရုံးနှင့်ဆက်သွယ်ရမည့် နည်းလမ်းများ၊ သတ်မှတ်နိုင်ရန်အလို့ငှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥပဒေ အမှတ် ၂၁/၂၀၁၀ ဖြင့် ၂၀၁၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်။

၉။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေတွင် အခန်းပေါင်း ၈ ခန်းပါဝင်ပြီး ပုဒ်မပေါင်း ၃၈ ခုပါဝင်ပါသည်။ ထိုဥပဒေ၌ ခုံရုံးဖွဲ့စည်းခြင်း၊ ခန့်အပ်တာဝန်ပေးအပ်ခြင်း တို့နှင့်စပ်လျဉ်း၍ ပုဒ်မ ၃ မှ ပုဒ်မ ၁၁ အထိလည်းကောင်း၊ ခုံရုံး၏လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ ပုဒ်မ ၁၂ တွင်လည်းကောင်း၊ ခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်နှင့် သဘောထားရယူရန် တင်သွင်းခွင့်ရှိသူများနှင့်စပ်လျဉ်း၍ ပုဒ်မ ၁၃ မှ ပုဒ်မ ၁၅ အထိ လည်းကောင်း၊ တင်သွင်းလွှာကိုစိစစ်ခြင်း၊ ကြားနာခြင်း၊ အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ သဘောထား ပြန်ကြားခြင်း၊ ဆုံးဖြတ်ခြင်းတို့နှင့်စပ်လျဉ်း၍ ပုဒ်မ ၁၈ မှ ပုဒ်မ ၂၁ အထိလည်းကောင်း၊ ခုံရုံး၏အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ သဘောထားပြန်ကြားခြင်း၊ ဆုံးဖြတ်ခြင်းတို့နှင့်စပ်လျဉ်း၍ ပုဒ်မ ၂၂ မှ ပုဒ်မ ၂၄ အထိလည်းကောင်း၊ ခုံရုံးဆုံးဖြတ်ချက်၏ အကျိုးသက်ရောက်မှုနှင့်စပ်လျဉ်း၍ ပုဒ်မ ၂၃ နှင့် ပုဒ်မ ၂၄ တွင်လည်းကောင်း၊ ခုံရုံးဥက္ကဋ္ဌနှင့်အဖွဲ့ဝင် တစ်ဦးဦးအား စွပ်စွဲပြစ်တင် ခြင်း၊ ရာထူးသက်တမ်း၊ ရာထူးမှနုတ်ထွက်ခြင်း၊ တာဝန်မှရပ်စဲခြင်း၊ တာဝန်မှရပ်စဲခြင်းနှင့် လစ်လပ်ရာထူးနေရာတွင် ဖြည့်စွက်ခန့်ထားခြင်းတို့နှင့်စပ်လျဉ်း၍ ပုဒ်မ ၂၆ မှ ပုဒ်မ ၃၀ အထိ လည်းကောင်း၊ ခုံရုံးဥပဒေပါလုပ်ငန်းတာဝန်များကိုဆောင်ရွက်ရာ၌ ခုံရုံးသည် တရားမ ကျင့်ထုံးဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ သက်သေခံအက်ဥပဒေပါ ပြဋ္ဌာန်းချက်များမှ စပ်ဆိုင်သည့် ပြဋ္ဌာန်းချက်များကို ဆီလျော်သလို ကျင့်သုံးဆောင်ရွက်နိုင်ကြောင်းကို ပုဒ်မ ၃၇(က) တွင်လည်းကောင်း ထည့်သွင်းပြဋ္ဌာန်းထားပါသည်။

၁၀။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၂ နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေ ပုဒ်မ ၁၂ တို့အရ ခုံရုံး၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊

(ခ) ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တို့က ပြဋ္ဌာန်းသည့်ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ဂ) ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ၏ အုပ်ချုပ်မှုဆိုင်ရာ အာဏာပိုင်များ၏ ဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ဃ) ပြည်ထောင်စုနှင့် တိုင်းဒေသကြီးအကြားသော်လည်းကောင်း၊ ပြည်ထောင်စု နှင့်ပြည်နယ်အကြားသော်လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အကြား သော်လည်းကောင်း၊ တိုင်းဒေသကြီးအချင်းချင်းသော်လည်းကောင်း၊ ပြည်နယ် အချင်းချင်းသော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအကြားသော်လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရစီရင်စုအချင်းချင်းသော်လည်းကောင်း ဖြစ်ပေါ်သည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း၊

(င) တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုတို့က ပြည်ထောင်စုဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင် စုနှင့်တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတို့၏ အခွင့်အရေးနှင့် တာဝန်များဆိုင်ရာ ပေါ်ပေါက်သည့် အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း၊

(စ) ပြည်ထောင်စုနယ်မြေများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက အကြောင်းကြား လာသည့် ကိစ္စရပ်များကို စိစစ်ဆုံးဖြတ်ခြင်း၊

(ဆ) တရားရုံးတစ်ရုံးက စစ်ဆေးဆဲအမှုနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၃ နှင့် ဤဥပဒေ ပုဒ်မ ၁၇ တို့အရ တင်ပြလာသည့် အငြင်းပွားမှုများကို အဆုံးအဖြတ်ပေးခြင်း၊

(ဇ) ပြည်ထောင်စုလွှတ်တော်ကပြဋ္ဌာန်းသည့် ဥပဒေများက ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

၁၁။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၅ နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၁၃ တို့အရ ခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်နှင့် သဘောထားရယူရန် ကိစ္စရပ်များပေါ်ပေါက်ပါက နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌတို့သည် ခုံရုံးသို့ တိုက်ရိုက် တင်သွင်းနိုင်သည်။

၁၂။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၆ နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၁၄ တို့အရ ခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်နှင့် သဘောထားရယူရန် ကိစ္စရပ်များပေါ်ပေါက်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အားလုံး၏ အနည်းဆုံး ၁၀ ရာခိုင်နှုန်း အရေအတွက်ရှိသော ကိုယ်စားလှယ်များ သို့မဟုတ် အဖွဲ့အစည်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်နှင့် သဘောထားရယူရန်ကိစ္စများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၁၅ ပါ နည်းလမ်းနှင့်အညီ ခုံရုံးသို့ တင်သွင်းခွင့်ရှိသည်။

၁၃။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၁၅ အရ ခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်နှင့် သဘောထားရယူရန် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ဖြစ်လျှင် မိမိ၏တင်သွင်းလွှာကို နိုင်ငံတော်သမ္မတမှတစ်ဆင့် ခုံရုံးသို့ပေးပို့ရမည်ဖြစ်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဖြစ်လျှင် မိမိ၏ တင်သွင်းလွှာကို ပြည်ထောင်စုလွှတ်တော်နာယကမှတစ်ဆင့် ခုံရုံးသို့ပေးပို့ရမည်ဖြစ်သည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌဖြစ်လျှင် မိမိ၏တင်သွင်းလွှာကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့် နိုင်ငံတော်သမ္မတတို့မှတစ်ဆင့် ခုံရုံးသို့ပေးပို့ရပြီး ပြည်သူ့လွှတ်တော်

သို့မဟုတ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ အနည်းဆုံး ၁၀ ရာခိုင်နှုန်း အရေအတွက်ရှိသော ကိုယ်စားလှယ်များဖြစ်လျှင် မိမိ၏တင်သွင်းလွှာကို သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ခုံရုံးသို့ ပေးပို့နိုင်သည်။

၁၄။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၄/၂၀၁၃ ဖြင့် အချက် ၅ ချက်ကို ပြင်ဆင်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြင်ဆင်ခဲ့သည့် အဆိုပါပြင်ဆင်ချက်များအရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ လုပ်ငန်းတာဝန်များဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၁၂(ဈ) “မိမိတို့၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ချက်နှင့်စပ်လျဉ်း၍ မိမိတို့အား ရွေးချယ်သည့် သက်ဆိုင်ရာ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ အသီးသီးအစီရင်ခံခြင်း” ဖြင့် ပြင်ဆင်ဖြည့်စွက်ခဲ့သည်။ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၅ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၄၆/၂၀၁၄ ဖြင့် အချက် ၁၄ ချက်ကိုလည်းကောင်း ပြင်ဆင်မှုများပြုလုပ်ခဲ့သည်။

၁၅။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၃၈ အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနည်းဥပဒေများကို ၂၀၁၁ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၃၀/၂၀၁၁ ဖြင့် ထုတ်ပြန်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနည်းဥပဒေများ၌ ခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ သဘောထား သို့မဟုတ် ဆုံးဖြတ်ချက်ရယူရန်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေအရ သတ်မှတ်ထားသည့် ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းတစ်ရပ်ရပ်က တင်သွင်းလွှာ တင်သွင်းလာသည့်အခါ ၎င်းတို့၏တင်သွင်းလွှာတွင် ပါဝင်ရမည့်အချက်အလက်များ၊ တင်သွင်းလွှာပါကိစ္စရပ် အပေါ် ပြန်လည်ရှင်းလင်းရမည့် ပုဂ္ဂိုလ်၊ ဌာန သို့မဟုတ် အဖွဲ့အစည်းများက တင်ပြသည့် ရှင်းလင်းလွှာ၌ ပါဝင်ရမည့်အချက်အလက်များ၊ တင်သွင်းလွှာကို စိစစ်ခြင်း၊ ကြားနာခြင်း၊ သဘောထားပြန်ကြားခြင်း၊ ဆုံးဖြတ်ခြင်းတို့ဆောင်ရွက်ရာ၌ လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများ၊ တင်သွင်းလွှာရုပ်သိမ်းခြင်းနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များကို အသေးစိတ်ပြဋ္ဌာန်းထားပါသည်။ အသစ်ပြင်ဆင်လိုက်သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေနှင့်အညီ ဆောင်ရွက်ကျင့်သုံးနိုင်ရန် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့တွင် အမိန့်ကြော်ငြာစာ အမှတ် ၃၃/၂၀၁၅ ဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနည်းဥပဒေအသစ်ကို ထုတ်ပြန်ခဲ့သည်။

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တင်သွင်းခဲ့သည့် တင်သွင်းလွှာအမှတ် ၃/ ၂၀၁၂

### တင်သွင်းလွှာပါတင်ပြချက်အကျဉ်း

၁၆။ **၂၀၁၂** ခုနှစ်တွင် တင်သွင်းခဲ့သော တင်သွင်းလွှာ **အမှတ်-၃** မှာ **"မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်"** ဖြစ်ပါသည်။ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေက ပြည်နယ်လွှတ်တော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ ပါ ဥပဒေပြုစာရင်းရှိ ကိစ္စရပ်များကို ဥပဒေပြုရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၆ နှင့် ဆန့်ကျင်ခြင်း ရှိ မရှိ၊ တည်ဆဲဥပဒေအချို့၊ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်အချို့တို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ ပါ ပြဋ္ဌာန်းချက်များနှင့် ကွဲလွဲနေခြင်း၊ ရောထွေးနေခြင်းများရှိပါက တည်ဆဲဥပဒေအချို့၊ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်အချို့သည် ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မရှိသေးသောကြောင့် အတည်ဖြစ်နေခြင်း ရှိ မရှိ၊ တည်ဆဲဥပဒေအချို့၊ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်အချို့တို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ ပါ ပြဋ္ဌာန်းချက်များနှင့် ကွဲလွဲနေခြင်း၊ ရောထွေးနေခြင်းများရှိပါက အခြေခံဥပဒေပုဒ်မ ၄၄၆ အရ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းပြုပြီးမှသာ ဆောင်ရွက်ခွင့်ရှိသည်တို့ကို အဓိပ္ပာယ်ဖွင့်ဆိုပေးပါရန် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၆(ခ)၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၁၄(ခ) နှင့်နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၁၅(ခ) တို့အရ မွန်ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးကျင်ဖေက ၇-၆-၂၀၁၂ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်နာယကမှတစ်ဆင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တင်သွင်းလျှောက်ထားခဲ့ခြင်းဖြစ်ပါသည်။

### တင်သွင်းလွှာတင်သွင်းသူ၏ လျှောက်လဲတင်ပြချက်များ

၁၇။ မွန်ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးကျင်ဖေက ၁၆-၇-၂၀၁၂ ရက်နေ့တွင် လျှောက်လဲတင်ပြသည်မှာ ၁၆-၅-၂၀၁၂ ရက်နေ့တွင် ကျင်းပသော မွန်ပြည်နယ်လွှတ်တော်ရေးရာကော်မတီများ ပူးပေါင်းညှိနှိုင်း အစည်းအဝေးဆုံးဖြတ်ချက်အရ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော်နာယကမှတစ်ဆင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ အောက်ပါအချက်များကို ၁၈-၅-၂၀၁၂ ရက်စွဲပါ စာအမှတ်၊ ၁၀၀/လွှတ်တော်(ဥပဒေ)/

ဂဂ၁ဖြင့် တင်ပြခဲ့ပါကြောင်း၊ စည်ပင်သာယာရေး အဖွဲ့များဥပဒေအပါအဝင် အခြေခံဥပဒေ ပုဒ်မ ၁၈၈ ဇယား ၂ ပါ ဥပဒေပြုရန်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ ဥပဒေပြုခြင်းနှင့်စပ်လျဉ်းပြီး -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၆ နှင့်ဆန့်ကျင်ခြင်း ရှိ မရှိ (သို့မဟုတ်) မဆန့်ကျင်ဘဲ ဆောင်ရွက်ရမည်။

(ခ) တည်ဆဲဥပဒေအချို့၊ တည်ဆဲဥပဒေပြဋ္ဌာန်းချက်အချို့တို့သည် အခြေခံဥပဒေ ပုဒ်မ ၁၈၈ ဇယား ၂ ပါ ပြဋ္ဌာန်းချက်များနှင့်ကွဲလွဲနေခြင်း၊ ရောထွေးနေခြင်း များရှိပါက တည်ဆဲဥပဒေအချို့၊ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်အချို့တို့သည် ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မရှိသေးသောကြောင့် အတည်ဖြစ်နေခြင်း ရှိ မရှိ။

(ဂ) တည်ဆဲဥပဒေအချို့၊ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်အချို့တို့သည် အခြေခံ ဥပဒေပုဒ်မ ၁၈၈ ဇယား ၂ ပါ ပြဋ္ဌာန်းချက်များနှင့် ကွဲလွဲနေခြင်း၊ ရောထွေး နေခြင်းများရှိပါက အခြေခံဥပဒေပုဒ်မ ၄၄၆ အရ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း ပြုပြီးမှသာ ဆောင်ရွက်ခွင့်ရှိသည်တို့ကို ဖွင့်ဆိုပေးပါရန်ဟူ၍ဖြစ်ပါသည်။

၁၈။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက တင်သွင်းလွှာ၌ပါရှိသော စာရွက်စာတမ်းများ ပြည့်စုံမှုမရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် ၈-၆-၂၀၁၂ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် နာယကထံသို့ အကြောင်းကြားခဲ့ရာ ပြည်ထောင်စုလွှတ်တော်က ၈-၆-၂၀၁၂ ရက်စွဲပါ စာအမှတ်၊ ၁၀၀/ လွှတ်တော်(ဥပဒေ)/ဂဂ၁ ဖြင့် မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံသို့ အောက်ပါအချက် ၃ ချက်ကို အကျယ်ဖွင့်ဆိုရန် အကြောင်းကြားခဲ့ပါသဖြင့် မွန်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌက အဆိုပါ အချက် ၃ ချက်အား အောက်ပါအတိုင်း အကျယ်ဖွင့်ဆိုပြီး ပြန်လည်ပြုစု တင်ပြခဲ့ပါသည်။

(က) ယခင်ရေးဆွဲကျင့်သုံးဆောင်ရွက်လျက်ရှိသော Bye Laws များ၊

(ခ) အခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ ပါ ပြဋ္ဌာန်းချက်များနှင့် ကွဲလွဲနေခြင်း၊ ရောထွေးနေခြင်းများရှိသည့် တည်ဆဲဥပဒေအချို့၊ တည်ဆဲဥပဒေပါပြဋ္ဌာန်း ချက်များ၊

(ဂ) အခြားတင်ပြလိုသော စာရွက်စာတမ်းများ ဖြစ်ပါသည်။

၁၉။ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ၁၉၉၃ ခုနှစ် စည်ပင်သာယာရေးအဖွဲ့များဥပဒေနှင့် စပ်လျဉ်းပြီး ၂၂-၆-၂၀၁၂ ရက်စွဲပါ စာအမှတ်၊ ၂၀၀/ လွှတ်တော်(ဥပဒေ)/၀၀၁ ဖြင့် အောက်ပါအချက်များကို ထပ်မံရှင်းလင်း တင်ပြခဲ့ပါသည်။

(က) စည်ပင်သာယာရေးဥပဒေပြဋ္ဌာန်းခွင့်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၆ ဇယား ၁ တွင် ပါဝင်ခြင်းမရှိပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ တွင် စည်ပင်သာယာရေးဟု ပါဝင်သောကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ ဥပဒေပြဋ္ဌာန်းခွင့်ဖြစ်ပါမည်။

(ခ) ၁၉၉၃ ခုနှစ် စည်ပင်သာယာရေးအဖွဲ့များဥပဒေသည် အခြေခံဥပဒေပုဒ်မ ၄၄၆ အရ တည်ဆဲဖြစ်ပါသည်။

(ဂ) ပြည်ထောင်စုအဆင့်တွင် စည်ပင်သာယာရေးဝန်ကြီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန မရှိတော့ပါ။

(ဃ) ၁၉၉၃ ခုနှစ် စည်ပင်သာယာရေးအဖွဲ့များဥပဒေတွင် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်တို့အား လုပ်ပိုင်ခွင့်များ ပေးအပ်ထားပါသည်။

(င) သို့ဖြစ်ပါ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအနေဖြင့် အခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ ပါအတိုင်း **"စည်ပင်သာယာရေး"** ဥပဒေပြဋ္ဌာန်းဆောင်ရွက်ရမည် (သို့မဟုတ်) အခြေခံဥပဒေပုဒ်မ ၄၄၆၊ ၄၄၇ တို့အရ ဆောင်ရွက်ခြင်းကို စောင့်ဆိုင်းရမည်ဆိုခြင်းကို ရှင်းလင်းဖွင့်ဆိုပေးရမည့် အခြေအနေရောက်ရှိနေကြောင်း တွေ့ရှိရပါသည် ဟုဖော်ပြခဲ့ပါသည်။

၂၀။ အထက်တင်ပြပါ စည်ပင်သာယာရေးအဖွဲ့များဥပဒေကဲ့သို့ပင် မိမိတို့အနေဖြင့် ဥပဒေပြုရေးဆောင်ရွက်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၄ ဇယား ၅ (တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံရမည့် အခွန်အခများ) အခြေခံဥပဒေပုဒ်မ ၉၆ ဇယား ၁ (ပြည်ထောင်စုဥပဒေပြုစာရင်း)နှင့် ဆက်စပ်ယှက်နွယ်သော တည်ဆဲဥပဒေများကို တိုက်ဆိုင်လေ့လာမှုများပြုခဲ့ကြောင်း တင်ပြခဲ့ပါသည်။

၂၁။ ဥပဒေပြုခွင့်နှင့်ပတ်သက်ပြီး အခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ကိစ္စရပ်များအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်ဟု သဘောပေါက်မှတ်ယူပါကြောင်း၊ ဤသို့သဘောပေါက်မှတ်ယူခြင်းသည် မှန်ကန်မှုရှိ/မရှိ ရှင်းလင်းပေးရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) ပုဒ်မ ၄၆ အရ အခြေခံဥပဒေများကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ဥပဒေပြဋ္ဌာန်းခြင်း၊ အုပ်ချုပ်မှုဆိုင်ရာဆောင်ရွက်ခြင်းများကို အခြေခံဥပဒေနှင့်အညီဖြစ်ရေး စိစစ်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသောကြောင့် မိမိတို့၏ ဥပဒေပြုရေးလုပ်ငန်းတွင် တိမ်းစောင်းမှားယွင်းမှု မရှိစေရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တင်ပြရခြင်းဖြစ်ပါကြောင်း လျှောက်လဲတင်ပြခဲ့ပါသည်။

၂၂။ တင်သွင်းလွှာတင်သွင်းသူက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ ပါ ပြဋ္ဌာန်းချက်များနှင့်ကွဲလွဲနေခြင်း၊ ရောထွေးနေခြင်းများရှိသည့် တည်ဆဲဥပဒေများ၊ တည်ဆဲဥပဒေပါပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း “ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍ” အပိုဒ်ခွဲ(ဂ) “မြေယာခွန်”၊ အပိုဒ်ခွဲ(ဃ) “ယစ်မျိုးခွန်”(မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သည့်ဆေးဝါးများမပါ)ဟု ဖော်ပြပါရှိပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၄ ဇယား ၅ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံရမည့် အခွန်အခများတွင် (၁) “မြေယာခွန်”၊ (၂) “ယစ်မျိုးခွန်” ဟု ပါရှိပါကြောင်း၊ ယင်းပြဋ္ဌာန်းချက်များအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က “မြေယာခွန်” (မြေယာစီမံခန့်ခွဲမှုမပါ)၊ “ယစ်မျိုးခွန်” များကို ဥပဒေပြဋ္ဌာန်းပြီး ကောက်ခံရမည်ဟု သဘောပေါက်ပါကြောင်း၊ မြေယာနှင့်ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲဆောင်ရွက်လျက်ရှိသော ဥပဒေများမှာ **The Land and Revenue Act (India Act 2, 1876, Vol.III) The District cesses Act (India Act 2, 1889, Vol.III) The Upper Myanmar**

**Land Revenue Regulation (Reg 3, 1889, Vol.III) The Revenue Recovery Act (India Act 1, 1890, Vol.III) The Lower Myanmar Town and Village Land Act (India Act 4, 1898, Vol.X)** စသည်တို့ ဖြစ်ပါကြောင်း၊ ယင်းဥပဒေများတွင် မြေယာနှင့်ပတ်သက်သည့် အခွန်အခများ ပြဋ္ဌာန်းပါရှိပါကြောင်း၊ ၎င်းအပြင် ရာသီအလိုက် စပါးအပါအဝင် သီးနှံများ၊ ဥယျာဉ်ခြံမြေများအတွက် အခွန်များကို မြေအမျိုးအစားအလိုက် ကောင်း/ သင့်/ညံ့ ခွဲပြီး ဘဏ္ဍာတော်မင်းကြီး (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်)၏ အတည်ပြုချက်ဖြင့် ခရိုင်ဝန်များက အမိန့်ထုတ်ပြန်ကြေညာပြီး သတ်မှတ်ကောက်ခံလျက်ရှိပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၆ ဇယား ၁ ပြည်ထောင်စုဥပဒေပြုစာရင်းအပိုဒ် ၅၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ အပိုဒ်ခွဲ(က) မြေယာစီမံခန့်ခွဲမှု အပိုဒ် ၁၀၊ စီမံခန့်ခွဲရေးကဏ္ဍ အပိုဒ်ခွဲ (ခ) ရွာမြေ၊ မြို့မြေစီမံခန့်ခွဲရေးဟု ပြဋ္ဌာန်းထားပါကြောင်း၊ ထို့ကြောင့် မြေယာစီမံခန့်ခွဲမှု၊ ရွာမြေ၊ မြို့မြေစီမံခန့်ခွဲမှုတို့သည် ပြည်ထောင်စုအဆင့်က ကိုင်တွယ်ကျင့်သုံးသော လုပ်ပိုင်ခွင့်ဖြစ်ပြီး မြေခွန် သတ်မှတ်ပြဋ္ဌာန်းခွင့်၊ အခွန်ကောက်ခံခွင့်တို့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်က ကိုင်တွယ်ကျင့်သုံးသော လုပ်ပိုင်ခွင့်ဟု သဘောပေါက်ပါကြောင်း၊ ယစ်မျိုးလုပ်ငန်းနှင့် ပတ်သက်ပြီး ပြည်ထောင်စုဝန်ကြီးဌာနမှ ကျင့်သုံးဆောင်ရွက်လျက်ရှိသော ဥပဒေ၊ နည်းဥပဒေများမှာ ၁၉၁၇ ခုနှစ် မြန်မာနိုင်ငံယစ်မျိုး အက်ဥပဒေ၊ ၁၉၂၈ ခုနှစ် မြန်မာနိုင်ငံယစ်မျိုးနည်းဥပဒေနှင့် ၁၉၅၉ ခုနှစ်တွင် ကယားပြည်နယ်အတွက်၊ ၁၉၆၀ ပြည့်နှစ်တွင် ကရင်ပြည်နယ်အတွက်၊ ၁၉၆၁ ခုနှစ်တွင် ကချင်ပြည်နယ်အတွက် အက်ဥပဒေများ၊ ၁၉၂၅ ခုနှစ် ရှမ်းပြည်နယ် ယစ်မျိုးအမိန့်များသည် တည်ဆဲဖြစ်ကြောင်း၊ ယစ်မျိုးဥပဒေတွင် အခွန်အခများကိုပါ သတ်မှတ်ပြဋ္ဌာန်းထားခြင်းများရှိပါကြောင်း၊ ယစ်မျိုးစီမံခန့်ခွဲမှုကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၆ ဇယား ၁ တွင် လည်းကောင်း၊ အခြေခံဥပဒေ ပုဒ်မ ၁၈၈ ဇယား ၂ တွင် လည်းကောင်း ဖော်ပြထားခြင်းကို မတွေ့ရကြောင်း၊ ထို့ကြောင့် <u>ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှဥပဒေပြုရန် သတ်မှတ်ထားသောမြေယာခွန်၊ ယစ်မျိုး</u>

ခွန်ဥပဒေပြဋ္ဌာန်းရေးမှာ တည်ဆဲ ယခင်ပြည်ထောင်စုအဆင့်မှ သတ်မှတ်ပြဋ္ဌာန်းထားသော မြေယာစီမံခန့်ခွဲမှု၊ ယစ်မျိုးစီမံခန့်ခွဲမှု ဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ရောထွေး၊ ကွဲလွဲ၊ ဆန့်ကျင်မှုများရှိနိုင်သည့် အခြေအနေကို တွေ့ရကြောင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ ၊ အပိုဒ် ၃ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ အပိုဒ်ခွဲ (ဃ) တွင် "စိုက်ပျိုးရေးချေးငွေနှင့်စုငွေများ" ဟု ဖော်ပြထားပါကြောင်း၊ အခြေခံဥပဒေပုဒ်မ ၉၆ ဇယား ၁၊ ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍ၌လည်းကောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၌လည်းကောင်း၊ စိုက်ပျိုးစရိတ်ချေးငွေနှင့် စုငွေများကိစ္စပါဝင်ခြင်းမရှိသည်ကို တွေ့ရှိရပါကြောင်း၊ လယ်သမားများအား ချေးငွေများထုတ်ချေးခြင်း၊ စုငွေများဆောင်ရွက်ခြင်းတို့ကို "မြန်မာ့စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်ဥပဒေ" (၁၉၉၀) ပြည့်နှစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ ပါ "စိုက်ပျိုးရေးချေးငွေနှင့်စုငွေများ" များဟု ဖော်ပြပါရှိသော ဥပဒေပြဋ္ဌာန်းခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် တည်ဆဲဖြစ်သော "မြန်မာ့စိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေးဘဏ်ဥပဒေ" (၁၉၉၀)ပြည့်နှစ်အရ ဆောင်ရွက်နေသော စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးခွင့်လုပ်ငန်းနှင့် လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ဆောင်ရွက်ရမည် သို့မဟုတ် "မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဥပဒေ" အရ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးခြင်း၊ စုဆောင်းခြင်းရှိစေကာမူ သီးခြားဆောင်ရွက်နိုင်သည် သို့မဟုတ် မနိုင်သည် ဆိုခြင်းကို ကွဲပြားစွာရှင်းလင်းပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေ ပြုစာရင်း အပိုဒ် ၃ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ အပိုဒ်ခွဲ (င) "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကစီမံခန့်ခွဲခွင့်ရှိသော ဆည်မြောင်း၊ တာတမံ၊ ရေကန်၊ ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ" အပိုဒ်(၆) ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ အပိုဒ်ခွဲ

(က)တွင် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံခန့်ခွဲခွင့်ရှိသည့် ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ" ဟုဖော်ပြပါရှိသည်နှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည်များကို သတ်မှတ်ချက်များဖြင့် ပြဋ္ဌာန်းပေးပြီးသောအခါမှသာလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဥပဒေပြုခွင့်ကို ကျင့်သုံးဆောင်ရွက်နိုင်မည် သို့မဟုတ် မနိုင်မည် ဖြစ်သည် ဆိုခြင်းကို ကွဲပြားစွာ ရှင်းလင်းဖွင့်ဆိုပေးရန် လိုအပ်ပါကြောင်း၊

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း အပိုဒ် ၄ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ အပိုဒ်ခွဲ (က) "ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးမှအပ မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် အလတ်စားနှင့် အသေးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေး" ဟု ဖော်ပြထားပါကြောင်း၊ ပြည်ထောင်စုအဆင့်မှ ကျင့်သုံးဆောင်ရွက်လျက်ရှိသော ၁၉၈၄ ခုနှစ် လျှပ်စစ်ဥပဒေတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးနှင့်ပတ်သက်ပြီး အကြီးစား၊ အလတ်စား၊ အသေးစားဟူ၍ ခွဲခြားဖော်ပြထားခြင်း မရှိသည်ကိုတွေ့ရပါကြောင်း၊ သို့ဖြစ်ပါ၍ "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် အလတ်စားနှင့် အသေးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးဥပဒေ" ရေးဆွဲပြဋ္ဌာန်းနိုင်ရန်အလို့ငှာ ပြည်ထောင်စုအဆင့်မှ လျှပ်စစ်ဥပဒေအသစ် ပြဋ္ဌာန်းခြင်းဖြင့်ဖြစ်စေ၊ ၁၉၈၄ ခုနှစ် လျှပ်စစ်ဥပဒေကို အကြီးစား၊ အလတ်စား၊ အသေးစား ခွဲခြားသည့် ပြင်ဆင်ချက်ဥပဒေပြဋ္ဌာန်းခြင်းဖြင့်ဖြစ်စေ သတ်မှတ်ချက်များဖြင့် ပြဋ္ဌာန်းပေးပြီးသောအခါမှသာလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဥပဒေပြုခွင့်ကို ကျင့်သုံးဆောင်ရွက်နိုင်မည်ဖြစ်သည်ဆိုခြင်းကို ကွဲပြားစွာရှင်းလင်းဖွင့်ဆိုပေးရန် လိုအပ်ပါကြောင်း၊

(င) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း အပိုဒ် ၄ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့်

သစ်တောကဏ္ဍ အပိုဒ်ခွဲ (ခ) “ဆားနှင့်ဆားထွက်ပစ္စည်း”ဟု ဖော်ပြထားပါကြောင်း၊ အခြေခံဥပဒေပုဒ်မ ၂၅၄ ဇယား ၅ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံရမည့် အခွန်အခများတွင် “ဆားခွန်”ဟု ဖော်ပြထားပါကြောင်း၊ အခြေခံဥပဒေပုဒ်မ ၉၆ ဇယား ၁ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဆားနှင့်ဆား ထွက်ပစ္စည်းဟုလည်းကောင်း၊ ဆားနှင့်ပတ်သက်၍ အခြားနည်းအားဖြင့်လည်းကောင်း ဖော်ပြပါရှိခြင်း မရှိသည်ကိုတွေ့ရကြောင်း၊ ၁၉၉၂ ခုနှစ် ဆားလုပ်ငန်းဥပဒေမှာ တည်ဆဲဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါအတိုင်း ပြဋ္ဌာန်းနိုင်ရန် တည်ဆဲဆားလုပ်ငန်းဥပဒေကို ပယ်ဖျက်ရန် လိုအပ်မှု ရှိ မရှိ၊ ပြည်ထောင်စု အဆင့်နှင့် ညှိနှိုင်းဆောင်ရွက်သွားရမည်စသည်ဖြင့် အဓိပ္ပာယ်ဖွင့်ဆိုပေးရမည့် အခြေအနေဖြစ်ပါကြောင်း၊

(စ) ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၈၈ ဇယား ၂ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း အပိုဒ် ၇ လူမှုရေးကဏ္ဍ အပိုဒ်ခွဲ (ဃ) တွင် “ကုန်တင်ကုန်ချလုပ်ငန်း” ဟု ဖော်ပြပါရှိကြောင်း၊ အခြေခံဥပဒေပုဒ်မ ၉၆ ဇယား ၁ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ကုန်တင်ကုန်ချလုပ်ငန်းနှင့်စပ်လျဉ်း၍ ဥပဒေပြုခွင့်ဖော်ပြထားခြင်း မရှိသည်ကို တွေ့ရပါကြောင်း၊ ကုန်တင်ကုန်ချအလုပ်သမားများနှင့်ပတ်သက်ပြီး ကျင့်သုံးဆောင်ရွက်လျက်ရှိသော ဥပဒေ၊ စည်းမျဉ်းဥပဒေ၊ အမိန့်များမှာ ၁၉၄၇ ခုနှစ် မရှိမဖြစ်ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုဆိုင်ရာ ဥပဒေ၊ ၁၉၅၈ ခုနှစ် ရန်ကုန်ဆိပ်ကမ်းအလုပ်သမားများ အလုပ်အကိုင် ကြီးကြပ်အုပ်ချုပ်ရေးအမိန့်၊ ၁၉၅၉ ခုနှစ် အလုပ်သမားများ အလုပ်အကိုင်ကြီးကြပ်ရေး အုပ်ချုပ်ရေးအမိန့်၊ ၁၉၇၀ ပြည့်နှစ် ကုန်တင်ကုန်ချအလုပ်သမားများစောင့်ရှောက်ရေး စည်းမျဉ်းဥပဒေ၊ ၂၀၀၆ ခုနှစ် ဗဟိုပြည်တွင်း ကုန်တင်ကုန်ချကော်မတီရုံး၏ တည်မြဲအမိန့်တို့ဖြစ်ပါကြောင်း၊ အထက်ပါလက်ရှိကျင့်သုံးဆောင်ရွက်လျက်ရှိသော ဥပဒေ၊ စည်းမျဉ်းဥပဒေ၊ အမိန့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ ပါ ဥပဒေပြဋ္ဌာန်းခွင့်နှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် ပယ်ဖျက်ရန် လိုအပ်မှု ရှိ/မရှိ၊

ပြည်ထောင်စုအဆင့်နှင့် ညှိနှိုင်းဆောင်ရွက်ရမည့်စသည်ဖြင့် အဓိပ္ပာယ်ဖွင့်ဆိုပေးရမည့် အခြေအနေဖြစ်ပါကြောင်း လျှောက်လဲတင်ပြခဲ့ပါသည်။

၂၃။ မိမိတို့ဦးတည်တင်ပြထားသော ၁၉၉၃ ခုနှစ် စည်ပင်သာယာရေးအဖွဲ့များဥပဒေမှာလည်း အလားတူဖြစ်ကြောင်း၊ အခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ အရ စည်ပင်သာယာရေးလုပ်ငန်းဥပဒေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ရေးဆွဲပြဋ္ဌာန်းခွင့်ရှိပါကြောင်း၊ ၁၉၉၃ ခုနှစ် စည်ပင်သာယာရေးအဖွဲ့များဥပဒေမှာ တည်ဆဲဖြစ်ပါကြောင်း၊ တည်ဆဲစည်ပင်သာယာရေးအဖွဲ့များဥပဒေနှင့် ကွဲလွဲမှုမရှိသော စည်ပင်သာယာရေးလုပ်ငန်းဥပဒေကိုသာရေးဆွဲခွင့်ရှိသည်ဆိုပါက တည်ဆဲစည်ပင်သာယာရေးအဖွဲ့များဥပဒေအရသာ ဆက်သွားသင့်ပါကြောင်း၊ သို့သော် တည်ဆဲစည်ပင်သာယာရေးအဖွဲ့များဥပဒေပါ မဖြစ်မနေအစားထိုးရမည့် ဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ် စကားရပ်များကို အစားထိုးဆောင်ရွက်ရန် အခက်အခဲရှိမည်ဖြစ်ကြောင်း၊ ယခုအခါ လက်ရှိတည်ဆဲ ၁၉၉၃ ခုနှစ် စည်ပင်သာယာရေးအဖွဲ့များဥပဒေကို ဖျက်သိမ်းပြီး စည်ပင်သာယာရေးဥပဒေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ ရေးဆွဲဆောင်ရွက်ရန် အချိန်ကိုက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁၄)၊ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များတွင် ပုဒ်မ ၄၄၁၊ ၄၄၂၊ ၄၄၃၊ ၄၄၄၊ ၄၄၅၊ ၄၄၆၊ ၄၄၇၊ ၄၄၈ ပုဒ်မ (၈)ခု ပါဝင်ကြောင်း၊ ယင်းတို့အနက် ပုဒ်မ ၄၄၆နှင့် ၄၄၇မှအပ ကျန်ပုဒ်မ (၆)ခုလုံးတို့သည် ရှင်းလင်းပြီးပြတ်သည့်အနေအထားသို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ အခြေခံဥပဒေပုဒ်မ ၄၄၆၊ ၄၄၇ တို့ကို ရှင်းလင်းပြည့်စုံသော အခြေအနေသို့ရောက်ရှိအောင် စိစစ်ညှိနှိုင်းဆောင်ရွက်သွားရမည့် အခြေအနေဟု သဘောရိုးဖြင့် ယုံကြည်ပါကြောင်း လျှောက်လဲတင်ပြပါသည်။

၂၄။ ဖော်ပြပါ အခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါအတိုင်း ဥပဒေပြုခွင့်ရှိသည်ဟု မှတ်ယူမှုသည် အခြေခံဥပဒေပုဒ်မ ၄၄၆နှင့်ကွဲလွဲမှုများရှိနိုင်သည့် အခြေအနေရှိနေကြောင်း၊ အခြေခံဥပဒေပုဒ်မ ၄၄၆၊ ၄၄၇ တို့ကို အခြေခံဥပဒေပုဒ်မ ၄၄၁၊ ၄၄၂၊ ၄၄၃၊ ၄၄၄၊ ၄၄၅၊ ၄၄၈ တို့ကဲ့သို့ ရှင်းလင်းပြီးပြတ်သည့်အခြေအနေသို့ရောက်ရှိအောင် ဥပဒေအသစ်ပြဋ္ဌာန်းခြင်း၊ ဥပဒေပြင်ဆင်ပြဋ္ဌာန်းခြင်း၊ အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်းတို့ဖြင့် ဥပဒေရေးရှုထောင့်၊ စီမံခန့်ခွဲရေးရှုထောင့်တို့မှ ဆောင်ရွက်သွားခြင်းဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၌ ဥပဒေပြုခြင်းကို လွယ်ကူချောမွေ့အဆင်

ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများအနေဖြင့် အခြေခံဥပဒေ ပုဒ်မ ၁၈၈ ဇယား ၂ ပါ လုပ်ငန်းကိစ္စရပ်များကို ယင်းတို့၏တည်ဆဲဥပဒေများဖြင့် ဆောင်ရွက်နေခြင်းကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ အခြေခံဥပဒေပြဋ္ဌာန်းချက်နှင့်အညီ လွှဲပြောင်းခွဲဝေဆောင်ရွက်ရေးအတွက် အခြေခံဥပဒေဆိုင်ရာခုံရုံးမှ ဖွင့်ဆိုဆောင်ရွက်ပေးမည်ဆိုပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ ဥပဒေပြုရေးလုပ်ငန်း သက်ဝင်လှုပ်ရှားလာနိုင်မည်ဖြစ်ပါကြောင်းနှင့် ဥပဒေများရေးဆွဲပြဋ္ဌာန်းရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိစေရန် နိုင်ငံတော်၏ ပကတိအခြေအနေနှင့် လိုက်လျောညီထွေမှုရှိစေရန် ဌာန၊ အဖွဲ့အစည်း အသီးသီးတို့၏ လုပ်ပိုင်ခွင့်များ ရောထွေးခြင်း မရှိစေရန်တို့ကို ဂရုပြုရေးဆွဲဆောင်ရွက်ရမည်ဟု လေ့လာသိရှိထားပါကြောင်း၊ သို့ဖြစ်ပါ၍ တိုင်းဒေသကြီး ပြည်နယ်များအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ ပါ စည်ပင်သာယာရေး လုပ်ငန်းအပါအဝင် ဥပဒေများရေးဆွဲရာ၌ မှားယွင်းတိမ်းစောင်းမှု မရှိစေရေးအတွက် အခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ ပါ ပြဋ္ဌာန်းချက်များကို အခြေခံဥပဒေပုဒ်မ ၄၄၆၊ ၄၄၇ တို့နှင့် ဆက်စပ်ပြီး အဓိပ္ပာယ်ဖွင့်ဆိုပေးနိုင်ပါရန် လျှောက်လဲတင်ပြခဲ့ပါသည်။

**ပြန်လည်ရှင်းလင်းသည့် ပုဂ္ဂိုလ်ဖြစ်သည့် နိုင်ငံတော်ကိုယ်စား ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ လျှောက်လဲတင်ပြချက်များ**

၂၅။ တင်သွင်းလွှာတွင် ပြန်လည်ရှင်းလင်းရမည့် ပုဂ္ဂိုလ် သို့မဟုတ် ဌာန/အဖွဲ့အစည်းကို ဖော်ပြခဲ့ခြင်းမရှိသည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုယ်စား တာဝန်ပေးအပ်ခြင်းခံရသော ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က ၁၆-၇-၂၀၁၂ ရက်နေ့တွင် ပြန်လည်ရှင်းလင်းတင်ပြခြင်းကို ဆောင်ရွက်ခဲ့ပါသည်။

၂၆။ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က လျှောက်လဲတင်ပြသည်မှာ အမှုတွင် မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးကျင်ဖေက ၁၉၉၃ ခုနှစ် စည်ပင်သာယာရေး အဖွဲ့များဥပဒေအရ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး၊ ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်တို့ကို လုပ်ပိုင်ခွင့်အပ်နှင်းထားသော်လည်း ၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ်မှစ၍ ပြည်ထောင်စုအဆင့်တွင် စည်ပင်သာယာရေးဝန်ကြီးနှင့် ဦးစီးဌာနညွှန်ကြားရေး မှူးချုပ်တို့မရှိတော့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၆ ပြဋ္ဌာန်းချက်အရ ၁၉၉၃ ခုနှစ် စည်ပင်သာယာရေး အဖွဲ့များဥပဒေမှာ အတည်ဖြစ်လျက်ရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ ဇယား ၂

အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များကသာ "စည်ပင် သာယာရေး" များကို ပြဋ္ဌာန်းရမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ စည်ပင်သာယာရေးအဖွဲ့များဥပဒေ အပါအဝင် အခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ ပါ ဥပဒေပြုရန်များကို ပြည်နယ်မှ ဥပဒေပြုခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအချက် (၃) ရပ် ဖော်ပြ၍ ဖွင့်ဆိုပေးနိုင်ပါရန် ပြည်ထောင်စု လွှတ်တော်နာယကမှတစ်ဆင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ လျှောက်ထားလာခြင်းဖြစ်ကြောင်း၊

(က) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၆ နှင့်စပ်လျဉ်း၍ ဆန့်ကျင်ခြင်း ရှိ မရှိ သို့မဟုတ် မဆန့်ကျင်ဘဲဆောင်ရွက်ရမည်၊

(ခ) တည်ဆဲဥပဒေအချို့ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်အချို့တို့သည် အခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ ပါ ပြဋ္ဌာန်းချက်များနှင့် ကွဲလွဲနေခြင်း၊ ရောထွေးနေခြင်းများရှိပါက တည်ဆဲဥပဒေအချို့၊ တည်ဆဲဥပဒေပါပြဋ္ဌာန်းချက်အချို့တို့သည် ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မရှိသေးသောကြောင့် အတည်ဖြစ်နေခြင်း ရှိ မရှိ၊

(ဂ) တည်ဆဲဥပဒေအချို့ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်အချို့တို့သည် အခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ ပါ ပြဋ္ဌာန်းချက်များနှင့် ကွဲလွဲနေခြင်း၊ ရောထွေးနေခြင်းများရှိပါက အခြေခံဥပဒေပုဒ်မ ၄၄၆ အရ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း ပြုပြီးမှသာ ဆောင်ရွက်ခွင့်ရှိသည်ဆိုသည်ကို ဖွင့်ဆိုပေးနိုင်ရန်တို့ ဖြစ်ပါသည်။

၂၇။ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ **လျှောက်ထားသူ၏ တင်ပြချက် (က)** နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဥပဒေပြုခြင်းကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈၊ ၁၉၀၊ ၁၉၁၊ ၁၉၂၊ ၁၉၅ တို့တွင်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေများ၊ နည်း ဥပဒေ ၁၂၈ မှ ၁၃၈ အထိ၊ ၁၄၈၊ ၁၉၄၊ ၁၅၀ တို့တွင်လည်းကောင်း ပြဋ္ဌာန်းထားပါကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းတွင် စာပိုဒ် ၈။ စီမံခန့်ခွဲရေးကဏ္ဍ၊ စာပိုဒ်ခွဲငယ် (က) စည်ပင်သာယာရေးဟု ဖော်ပြထားသဖြင့် မွန်ပြည်နယ်လွှတ်တော်အနေဖြင့် စည်ပင်သာယာရေးကိစ္စနှင့်စပ်လျဉ်း၍ ဥပဒေပြဋ္ဌာန်းခွင့် ရှိပါကြောင်း တင်ပြခဲ့ပါသည်။

၂၈။ မွန်ပြည်နယ်လွှတ်တော်၏ ၁၉-၆-၂၀၁၂ ရက်စွဲပါ စာအမှတ် ၂၀၀/ လွှတ်တော် (ဥပဒေ) / ၀၀၁ စာအရ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ ပါ ပြဋ္ဌာန်းချက်များနှင့်ကွဲလွဲနေခြင်း၊ ရောထွေးနေခြင်းများရှိသည့် တည်ဆဲဥပဒေအချို့ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များဆိုရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း စာပိုဒ် ၁။ ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍ၊ စာပိုဒ်ခွဲ (ဂ) မြေယာခွန်၊ စာပိုဒ်ခွဲ(ဃ) ယစ်မျိုးခွန် (မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများမပါ)ဟု ဖော်ပြထားကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၄ ဇယား ၅ ၌ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံရမည့်အခွန်အခများတွင် ၁။ မြေယာခွန် ၂။ ယစ်မျိုးခွန် ဟုပါရှိပါကြောင်း၊ သို့သော် ပြည်ထဲရေးဝန်ကြီးဌာနက စီမံခန့်ခွဲဆောင်ရွက်လျက်ရှိသော ဥပဒေများမှာ The Land and Revenue Act, The District cesses Act, The Upper Myanmar Land Revenue Regulation, The Revenue Recovery Act, The Lower Myanmar Town and Village Land Act စသည်တို့ဖြစ်ကြောင်း၊ ယင်းဥပဒေများတွင် မြေယာနှင့်ပတ်သက်သည့် အခွန်အခများပါရှိကြောင်း၊ ၎င်းအပြင်ရာသီအလိုက် စပါးအပါအဝင်သီးနှံများ၊ ဥယျာဉ်ခြံမြေများအတွက် အခွန်များကို မြေအမျိုးအစားအလိုက် ကောင်း၊ သင့်၊ ညံ့ ခွဲပြီး ဘဏ္ဍာတော်မင်းကြီး (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်)၏ အတည်ပြုချက်နှင့် ခရိုင်အလိုက် ခရိုင်ဝန်များက အမိန့်ထုတ်ပြန်ကြေညာပြီး သတ်မှတ်ကောက်ခံလျက်ရှိကြောင်း၊ ပြည်ထောင်စုဝန်ကြီးဌာနမှ ကျင့်သုံးဆောင်ရွက်လျက်ရှိသော ယစ်မျိုးဥပဒေများတွင် အခွန်အခများကိုပါ သတ်မှတ်ပြဋ္ဌာန်းထားခြင်းများရှိပါကြောင်း၊ သို့ဖြစ်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ဥပဒေပြုရန် သတ်မှတ်ပေးထားသော မြေယာခွန်၊ ယစ်မျိုးခွန်ဥပဒေပြဋ္ဌာန်းရေးမှာ ပြည်ထောင်စုအဆင့်မှ ယခင်သတ်မှတ်ပြဋ္ဌာန်းထားသော တည်ဆဲမြေယာစီမံခန့်ခွဲမှု၊ ယစ်မျိုးစီမံခန့်ခွဲမှု ဥပဒေများကိုပါ ပြဋ္ဌာန်းချက်များနှင့် ရောထွေး၊ ကွဲလွဲဆန့်ကျင်မှုများရှိနိုင်သည်ဟု လျှောက်လဲတင်ပြခဲ့ပါသည်။

၂၉။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂၊ စာပိုဒ် ၃ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ၊ စာပိုဒ်ခွဲ(ဃ) စိုက်ပျိုးရေးချေးငွေနှင့်စုငွေများဟု ဖော်ပြထားသော်လည်း တည်ဆဲမြန်မာ့စိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေးဘဏ်ဥပဒေ(၁၉၉၀ ပြည့်နှစ်)အရ ဆောင်ရွက်နေသော စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးခြင်းလုပ်ငန်းနှင့် လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ဆောင်

ရွက်ရမည် သို့မဟုတ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဥပဒေ (၁၉၉၀ ပြည့်နှစ်)အရ စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးခြင်း၊ စုဆောင်းခြင်းရှိစေကာမူ သီးခြားဆောင်ရွက်နိုင်သည်ဆိုခြင်းကို ကွဲပြားစွာ ရှင်းလင်းပေးစေလိုကြောင်း တင်ပြထားပါသည်။

၃၀။ ပြည်ထောင်စုအဆင့်မှ ကျင့်သုံးဆောင်ရွက်လျက်ရှိသော ၁၉၈၄ ခုနှစ် လျှပ်စစ်ဥပဒေတွင် လျှပ်စစ်ဓါတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးနှင့်ပတ်သက်ပြီး အကြီးစား၊ အလတ်စား၊ အသေးစားဟူ၍ ခွဲခြားဖော်ပြထားခြင်းမရှိကြောင်း တွေ့ရပါသည်ဟုလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း စာပိုဒ် ၄။ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့်သစ်တောကဏ္ဍ၊ စာပိုဒ်ခွဲ(က) ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓါတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးမှအပ မဟာဓါတ်အားလိုင်းနှင့်ဆက်သွယ်ခြင်းမရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် အလတ်စားနှင့် အသေးစားလျှပ်စစ်ဓါတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးဟု ဖော်ပြထားသည့်အတွက် တည်ဆဲဥပဒေနှင့် ရောထွေးဆန့်ကျင်နိုင်ကြောင်း တင်ပြထားပါသည်ဟု လျှောက်လဲတင်ပြခဲ့ပါသည်။

၃၁။ ၁၉၉၂ ခုနှစ်၊ ဆားလုပ်ငန်းဥပဒေမှာ တည်ဆဲဥပဒေဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း စာပိုဒ် ၄။ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့်သစ်တောကဏ္ဍ၊ စာပိုဒ်ခွဲ (ခ) ဆားနှင့်ဆားထွက်ပစ္စည်းများဟု ဖော်ပြထားကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၄ ဇယား ၅၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံရမည့် အခွန်အခများ စာပိုဒ် ၁၅ တွင် ဆားခွန်ဟုဖော်ပြထားသဖြင့် တည်ဆဲဆားလုပ်ငန်းဥပဒေနှင့် ရောထွေးနေကြောင်း လျှောက်လဲတင်ပြခဲ့ပါသည်။

၃၂။ တည်ဆဲဥပဒေ၊ စည်းမျဉ်းဥပဒေ၊ အမိန့်များဖြစ်သော ၁၉၄၇ ခုနှစ် မရှိမဖြစ်ကုန်ပစ္စည်းများနှင့်ဆောင်ရွက်မှုဆိုင်ရာဥပဒေ၊ ၁၉၅၈ ခုနှစ် ရန်ကုန်ဆိပ်ကမ်းအလုပ်သမားများ အလုပ်အကိုင်ကြီးကြပ်အုပ်ချုပ်ရေးအမိန့်၊ ၁၉၅၉ ခုနှစ် အလုပ်သမားများအလုပ်အကိုင်ကြီးကြပ်အုပ်ချုပ်ရေးအမိန့် ၁၉၇၀ ပြည့်နှစ် ကုန်တင်ကုန်ချအလုပ်သမားများ စောင့်ရှောက်ရေးစည်းမျဉ်းဥပဒေ၊ ၂၀၀၆ ခုနှစ် ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး၏ တည်ဆဲအမိန့်တို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း စာပိုဒ် ၇။ လူမှုရေးကဏ္ဍ၊ စာပိုဒ်ခွဲ (ဃ)၊ ကုန်တင်ကုန်ချလုပ်ငန်း

ဟုပါရှိသဖြင့် တည်ဆဲဥပဒေများနှင့်ရောထွေးဆန့်ကျင်နိုင်ကြောင်း တင်ပြထားပါသည်ဟု လျှောက်လဲတင်ပြချက်တွင် ဖော်ပြပါရှိပါသည်။

၃၃။ အထက်စာပိုဒ်တို့ပါရောထွေးနေသည်ဆိုသော ဥပဒေများနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၆ အရ တည်ဆဲဥပဒေများသည် ပြည်ထောင်စု လွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်ကြောင်း တင်ပြခဲ့ပါသည်။

၃၄။ **လျှောက်ထားသူ၏ တင်ပြချက်(ခ)**နှင့်စပ်လျဉ်း၍ ၁၉၈၃ ခုနှစ် စည်ပင်သာယာရေးအဖွဲ့များဥပဒေသည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၅/၉၃ ဖြင့် ပြဋ္ဌာန်းထားခြင်းဖြစ်ရာ ယင်းဥပဒေကို ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းပြုရန်ကိစ္စမှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၅ ပြဋ္ဌာန်းချက်အရ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့အားဆက်ခံသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဥပဒေပြုခွင့်အာဏာကို ကျင့်သုံးသော ပြည်ထောင်စုလွှတ်တော်ကသာလျှင် ဆောင်ရွက်ခွင့်ရှိပါသည်ဟုလည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၆ ပြဋ္ဌာန်းချက်အရ တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်ပါသည်ဟုလည်းကောင်း၊ သို့ဖြစ်ပါ၍ ၁၉၉၃ ခုနှစ် စည်ပင်သာယာရေးအဖွဲ့များဥပဒေအပါအဝင် တည်ဆဲဥပဒေများသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်လျက် ရှိပါသည်ဟုလည်းကောင်း လျှောက်လဲတင်ပြခဲ့ပါသည်။

၃၅။ **လျှောက်ထားသူ၏တင်ပြချက်(ဂ)**နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များအနေဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ ပါပြဋ္ဌာန်းချက်အရ ဇယား ၂ ပါ ကိစ္စများအား ဥပဒေပြုပိုင်ခွင့်ရှိသော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲသာလျှင် ပြဋ္ဌာန်းခွင့်ရှိမည်ဖြစ်ပါကြောင်း၊ စည်ပင်သာယာရေးကိစ္စများကို ဥပဒေပြုခြင်းအပေါ် ဆောင်ရွက်ရမည့် အစီအစဉ်ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၈-၆-၂၀၁၂ ရက်စွဲပါ စာအမှတ် ၃၅၂/၃၄၉ အထွေထွေ ၃-၄၄/အဖရ(၂၀၁၂)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၉-၆-၂၀၁၂ ရက်စွဲပါ စာအမှတ် ၄၀၉/၃၄၀-အထွေထွေ ၃-၄၄/အဖရ(၂၀၁၂)တို့အရ ညွှန်ကြားခဲ့ပြီးဖြစ်ရာ ယင်းအစီအစဉ်အတိုင်း လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်ပါကြောင်း သုံးသပ်တင်ပြခဲ့ပါသည်။

၃၆။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များက ဥပဒေပြုရန်ကိစ္စများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မဆန့်ကျင်စေဘဲ ဆောင်ရွက်ခွင့်ရှိကြောင်း အနက်အဓိပ္ပာယ်ဖွင့်ဆိုသည့် အမိန့်တစ်ရပ်ချမှတ်ပေးပါရန် နိုင်ငံတော်သမ္မတကိုယ်စား ပြည်ထောင်စုရှေ့နေချုပ်ရုံးက လျှောက်ထားတင်ပြခဲ့ပါသည်။

**ခုံရုံးက အဓိကဆုံးဖြတ်ရမည့်အချက်များ**

၃၇။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအနေဖြင့် မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကတင်သွင်းလာမှုအပေါ် -

(က) မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေက ပြည်နယ်လွှတ်တော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ ပါ ဥပဒေပြုစာရင်းရှိ ကိစ္စရပ်များကို ဥပဒေပြုရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၆ နှင့် ဆန့်ကျင်ခြင်း ရှိမရှိ သို့မဟုတ် မဆန့်ကျင်ဘဲဆောင်ရွက်ရမည်၊

(ခ) တည်ဆဲဥပဒေအချို့၊ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက် အချို့တို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ ပါ ပြဋ္ဌာန်းချက်များနှင့် ကွဲလွဲနေခြင်း၊ ရောထွေးနေခြင်းများရှိပါက တည်ဆဲဥပဒေအချို့၊ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်အချို့သည် ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မရှိသေးသောကြောင့် အတည်ဖြစ်နေခြင်း ရှိ မရှိ၊

(ဂ) တည်ဆဲ ဥပဒေအချို့၊ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်အချို့တို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ ပါ ပြဋ္ဌာန်းချက်များနှင့် ကွဲလွဲနေခြင်း၊ ရောထွေးနေခြင်းများရှိပါက အခြေခံဥပဒေ ပုဒ်မ ၄၄၆ အရ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းပြုပြီးမှသာ ဆောင်ရွက်ခွင့်ရှိသည်တို့ကို အဓိပ္ပာယ်ဖွင့်ဆိုပေးပါရန် ဆိုသည့်အချက်များကို အဓိကထား၍ ဆုံးဖြတ်ရန်ဖြစ်ပါသည်။

**ခုံရုံး၏ သုံးသပ်ချက်**

၃၈။ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တင်သွင်းသည့် တင်သွင်းလွှာကို စိစစ်ကြည့်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၆ ဇယား ၁ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် စည်ပင်သာယာရေးမပါဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်

ဥပဒေပြုစာရင်းတွင် စည်ပင်သာယာရေးဟု ပြဋ္ဌာန်းပါရှိပါကြောင်း၊ ၁၉၉၃ ခုနှစ် စည်ပင်သာယာရေးအဖွဲ့များဥပဒေသည်လည်း တည်ဆဲဥပဒေတစ်ရပ်အဖြစ် တည်ရှိနေပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၆ တွင် တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှအတည်ဖြစ်သည်ဟု ပြဋ္ဌာန်းထားကြောင်း ထို့ကြောင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော် အနေဖြင့် စည်ပင်သာယာရေးအဖွဲ့များဥပဒေအပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ ပါ ဥပဒေပြုရန်များကို ဆောင်ရွက်ရာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက အောက်ပါအကြောင်းအရာများကို ရှင်းလင်းအဓိပ္ပါယ်ဖွင့်ဆိုပေးရန် တင်ပြခြင်းဖြစ်သည်ကို တွေ့ရသည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၆ နှင့် ဆန့်ကျင်ခြင်း ရှိ မရှိ သို့မဟုတ် မဆန့်ကျင်ဘဲ ဆောင်ရွက်ရမည်၊

(ခ) တည်ဆဲဥပဒေအချို့၊ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်အချို့တို့သည် အခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ ပါပြဋ္ဌာန်းချက်များနှင့် ကွဲလွဲနေခြင်း၊ ရောထွေးနေခြင်းများ ရှိပါက တည်ဆဲဥပဒေအချို့၊ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်အချို့တို့သည် ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမရှိသေးသောကြောင့် အတည်ဖြစ်နေခြင်း ရှိ မရှိ၊

(ဂ) တည်ဆဲဥပဒေအချို့၊ တည်ဆဲဥပဒေပြဋ္ဌာန်းချက်အချို့တို့သည် အခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ ပါ ပြဋ္ဌာန်းချက်များနှင့် ကွဲလွဲနေခြင်း၊ ရောထွေးနေခြင်းများ ရှိနေပါက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၆ အရ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းပြုပြီးမှသာ ဆောင်ရွက်ခွင့်ရှိသည်။

၃၉။ မွန်ပြည်နယ်လွှတ်တော်၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဥပဒေပြုပိုင်ခွင့်နှင့် သက်ဆိုင်သော အောက်ပါပြဋ္ဌာန်းချက်များကို ဦးစွာဖော်ပြလိုပေသည် -

ပုဒ်မ ၉၆။ ပြည်ထောင်စုလွှတ်တော်သည်ဇယား ၁ တွင် ဖော်ပြထားသော ပြည်ထောင်စုဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ ပြည်ထောင်စု

၏ တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း၊ အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်။

ပုဒ်မ ၁၈၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် ဇယား ၂ တွင် ဖော်ပြထားသောတိုင်းဒေကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း အာဏာ သက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်။

၄၀။ ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၆ အရ ဇယား ၁ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြထားသည့် ကဏ္ဍများနှင့် စပ်လျဉ်း၍ ဥပဒေပြုပိုင်ခွင့်ရှိသည်။ ထို့အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေ ပြုစာရင်းပါ ကဏ္ဍများနှင့်စပ်လျဉ်း၍ ဥပဒေပြုပိုင်ခွင့်ရှိသည်။

၄၁။ ထိုကဲ့သို့ ပြည်ထောင်စုလွှတ်တော်နှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော် များ၏ ဥပဒေပြုပိုင်ခွင့်ကို ဇယား ၁၊ ဇယား ၂ တို့ဖြင့် ခွဲခြားလျက် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားပြီးဖြစ်သဖြင့် မွန်ပြည်နယ်လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ ဇယား ၂ ပါ ဥပဒေပြုစာရင်းအတိုင်း ဥပဒေပြုပိုင်ခွင့် အပြည့်အဝရရှိပြီးဖြစ်ပေသည်။ မွန်ပြည်နယ်လွှတ်တော်သည် မိမိ၏ဥပဒေပြုပိုင်ခွင့်အာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီကျင့်သုံးဆောင်ရွက်ရန်ဖြစ်သည်။ သို့ဖြစ်ပေရာ မွန်ပြည်နယ်လွှတ်တော်သည် စည်ပင် သာယာရေးအဖွဲ့ဥပဒေကို ပြည်နယ်တစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ ပြည်နယ် တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း အာဏာသက်ရောက်စေရန် ပြဋ္ဌာန်းခွင့် ရှိကြောင်းမှာ ထင်ရှားသည်။

၄၂။ သို့ရာတွင် ၁၉၉၃ ခုနှစ် စည်ပင်သာယာရေးအဖွဲ့များဥပဒေသည် တည်ဆဲဥပဒေ တစ်ရပ်အဖြစ်တည်ရှိနေပေရာ ဤအခြေအနေတွင် မွန်ပြည်နယ်လွှတ်တော်က စည်ပင် သာယာရေးဥပဒေကို ပြဋ္ဌာန်းခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ ဆက်လက်စိစစ်ရန်ဖြစ်သည်။

၄၃။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၆ တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားသည် -

ပုဒ်မ ၄၄၆။ တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်။

၄၄။ နှစ်ဘက်လျှောက်လဲတင်ပြချက်များအရ ပြည်ထောင်စုလွှတ်တော်က ၁၉၉၃ ခုနှစ် စည်ပင် သာယာရေးအဖွဲ့များဥပဒေကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း မပြုရသေးပေ။

၄၅။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၆ ဇယား ၁ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် စည်ပင်သာယာရေးအဖွဲ့နှင့် စပ်လျဉ်း၍ ဥပဒေပြုနိုင်ရန် သတ်မှတ်ဖော်ပြထားခြင်းမရှိသည့် အပြင် ပြည်ထောင်စုအဆင့်တွင် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ဝန်ကြီးနှင့်စည်ပင် သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည်လည်း ဖွဲ့စည်းခန့်အပ်ထားခြင်းမရှိတော့ပေ။ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်သာ စည်ပင်သာယာရေးဝန်ကြီးအဖြစ် ခန့်အပ်တာဝန် ပေးထားသည်ကို တွေ့ရသည်။ သို့ဖြစ်ရာ ၁၉၉၃ ခုနှစ် စည်ပင်သာယာရေးအဖွဲ့များဥပဒေကို ပြည်ထောင်စုလွှတ်တော်က ရုပ်သိမ်းပါက ပိုမိုသင့်မြတ်လျော်ကန်မည်ဖြစ်သည်။ ပြည်ထောင်စုလွှတ်တော်က ၁၉၉၃ ခုနှစ် စည်ပင်သာယာရေးအဖွဲ့များကို ရုပ်သိမ်းခြင်း မရှိစေကာမူ ပြည်နယ်လွှတ်တော်က ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ ပြဋ္ဌာန်းချက်အရ ပေးအပ်ထားသည့် ဥပဒေပြုပိုင်ခွင့်အာဏာကို ကျင့်သုံး၍ ဇယား ၂ ပါအတိုင်း စည်ပင်သာယာ ရေးဥပဒေကိုပြဋ္ဌာန်းလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း မရှိဟုမဆိုသာပေ။ ပြည်နယ်လွှတ်တော်ဥပဒေပြုပိုင်ခွင့်အာဏာကို ကျင့်သုံး၍ ပြဋ္ဌာန်းမည့် စည်ပင်သာယာရေး ဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်မှုမဖြစ်စေရန်သာ အဓိကအရေးကြီး ပေသည်။

၄၆။ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကစည်ပင်သာယာရေးနှင့် စပ်လျဉ်းသော ဥပဒေပြုခွင့် ကိုတင်ပြသည့်နည်းတူ အောက်ဖော်ပြပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့် ကွဲလွဲခြင်း၊ ရောထွေးနေခြင်းကိုလည်း ရှင်းလင်းအဓိပ္ပါယ်ဖွင့်ဆိုပေးရန် တင်ပြထားသည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းပါ စိုက်ပျိုးစရိတ်ချေးငွေနှင့် စုငွေများအတွက် ဥပဒေပြဋ္ဌာန်းချက်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဥပဒေပါ စိုက်ပျိုးစရိတ်

ဈေးငွေထုတ်ချေးခြင်း စုဆောင်းခြင်းစသည့် ပြဋ္ဌာန်းချက်တို့ကို သီးခြားစီ ဆောင်ရွက်နိုင်ရန်တင်ပြချက်၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍတွင် ဖော်ပြထားသည့် အလတ်စားနှင့် အသေးစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးအတွက် ဥပဒေပြဋ္ဌာန်းရာတွင် ပြည်ထောင်စုအဆင့်မှ ကျင့်သုံးဆောင်ရွက်လျက်ရှိသော ၁၉၈၄ ခုနှစ် လျှပ်စစ်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ရောထွေးဆန့်ကျင်ခြင်းမရှိစေရန် သီးခြားပြဋ္ဌာန်းနိုင်ရေးတင်ပြချက်၊

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ လူမှုရေးကဏ္ဍတွင် ဖော်ပြထားသည့် ကုန်တင်ကုန်ချလုပ်ငန်းဆိုင်ရာဥပဒေပြဋ္ဌာန်းရာ၌ တည်ဆဲဥပဒေများနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် ပြည်ထောင်စုအဆင့်မှ ပယ်ဖျက်ရန် ညှိနှိုင်းဆောင်ရွက်ရမည့် အခြေအနေရှိကြောင်းတင်ပြချက်၊

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၄ ဇယား ၅ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံရမည့်အခွန်အခများတွင် ဖော်ပြထားသော မြေယာခွန်၊ ယစ်မျိုးခွန်၊ ဆားခွန် တို့နှင့် စပ်လျဉ်းသည့် ဥပဒေပြဋ္ဌာန်းရာတွင် တည်ဆဲမြေယာစီမံခန့်ခွဲမှု၊ ယစ်မျိုးစီမံခန့်ခွဲမှု ဥပဒေများပါပြဋ္ဌာန်းချက်များနှင့် လည်းကောင်း၊တည်ဆဲ ဆားလုပ်ငန်းဥပဒေနှင့်လည်းကောင်း ရောထွေးကွဲလွဲဆန့်ကျင်မှုများ ရှိနိုင်ကြောင်းတင်ပြချက်။

၄၇။ သို့ဖြစ်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့က ဇယား ၂ ကဏ္ဍများအတွက် ဥပဒေပြုရာတွင် ပြည်ထောင်စုအဆင့်မှ ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများနှင့် ကွဲလွဲခြင်း၊ ရောထွေးခြင်း၊ ဆန့်ကျင်မှုများရှိနိုင်ခြင်းစသည့် အခြေအနေများ ပေါ်ပေါက်နေကြောင်း တွေ့ရသည်။ ထို့ကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့က ဥပဒေပြုပြဋ္ဌာန်းရာတွင် လျင်မြန်ချောမွေ့စေရေးအတွက် ပြည်ထောင်စုလွှတ်တော်က တည်ဆဲဥပဒေများကို စိစစ်ပြီး ဆန့်ကျင်ကွဲလွဲနေသည့် ဥပဒေများကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းတို့ကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်သည်။

၄၈။ ဤနေရာတွင် စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ဥပဒေပြုခြင်း ကိစ္စရပ်တို့နှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ သုံးသပ်ချက်ကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ (အားလုံး)နှင့် နေပြည်တော်ကောင်စီတို့သို့ လိပ်မူ၍ ပေးပို့ထားသော ၈-၆-၂၀၁၂ ရက်စွဲပါ စာအမှတ်၊ ၃၅၂ /၃၄၉ - အထွေထွေ ၃-၄၄ / အဖရ (၂၀၁၂) ကို သိရှိအလေးထားရန်လိုသည်။

၄၉။ နိုင်ငံတော်သမ္မတ၏ သုံးသပ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တိုင်းဒေသကြီး/ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့က မိမိတို့၏ ဥပဒေပြုခွင့်အရ စည်ပင်သာယာရေးဆိုင်ရာဥပဒေအား အမြန်ရေးဆွဲပြဋ္ဌာန်းစေပြီးမှ “စည်ပင်သာယာရေးအဖွဲ့များဥပဒေ” (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ဥပဒေ အမှတ် ၅/ ၉၃) ကိုရုပ်သိမ်းရန်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့သည် ဥပဒေပြဋ္ဌာန်းရန် ပြီးပြည့်စုံသည့်အခြေအနေ ရောက်ရှိချိန်တွင် “စည်ပင်သာယာရေးအဖွဲ့များဥပဒေ” (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ဥပဒေအမှတ် ၅/ ၉၃) ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရုပ်သိမ်းနိုင်ရေး ဥပဒေနှင့်အညီ ဆောင်ရွက်သွားရန်တို့ဖြစ်ပါသည်။

**ခုံရုံး၏ ဆုံးဖြတ်ချက်**

၅၀။ ပြည်ထောင်စုလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များ၏ ဥပဒေပြုပိုင်ခွင့်ကို ဇယား ၁၊ ဇယား ၂ တို့ဖြင့်ခွဲခြားလျက် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားပြီးဖြစ်သဖြင့် မွန်ပြည်နယ်လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ ပါ ဥပဒေပြုစာရင်းအတိုင်း ဥပဒေပြုပိုင်ခွင့် အပြည့်အဝရရှိပြီးဖြစ်ကြောင်း၊ မွန်ပြည်နယ်လွှတ်တော်သည် မိမိ၏ဥပဒေပြုပိုင်ခွင့်အာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်ရန်ဖြစ်ကြောင်း၊ သို့ဖြစ်၍ မွန်ပြည်နယ်လွှတ်တော်သည် စည်ပင်သာယာရေးအဖွဲ့ဥပဒေကို ပြည်နယ်တစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ ပြည်နယ် တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း အာဏာသက်ရောက်စေရန် ပြဋ္ဌာန်းခွင့်ရှိသည်မှာ ထင်ရှားကြောင်း ဆုံးဖြတ်ခဲ့ပါသည်။

၅၁။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၆ ဇယား ၁ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် စည်ပင်သာယာရေးအဖွဲ့နှင့်စပ်လျဉ်း၍ ဥပဒေပြုနိုင်ရန် သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိကြောင်း၊ ထို့ပြင် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ဝန်ကြီးနှင့် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့ဟူ၍ ပြည်ထောင်စုအဆင့်တွင် ဖွဲ့စည်းခန့်အပ်ထားခြင်း မရှိတော့ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင်သာ စည်ပင်သာယာရေးဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးထားသည်ကို တွေ့ရကြောင်း၊ သို့ဖြစ်ရာ ၁၉၉၃ ခုနှစ် စည်ပင်သာယာရေးအဖွဲ့များဥပဒေကို ပြည်ထောင်စုလွှတ်တော်က ရုပ်သိမ်းပါက ပိုမိုသင့်မြတ်လျော်ကန်မည်ဖြစ်ကြောင်း၊ ပြည်ထောင်စုလွှတ်တော်က ၁၉၉၃ ခုနှစ် စည်ပင်သာယာရေးအဖွဲ့များဥပဒေကို ရုပ်သိမ်းခြင်းမရှိစေကာမူ ပြည်နယ်လွှတ်တော်က ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ပြဋ္ဌာန်းချက်အရ ပေးအပ်သည့်ဥပဒေပြုပိုင်ခွင့်အာဏာကို ကျင့်သုံး၍ ဇယား ၂ ပါအတိုင်း စည်ပင်သာယာရေးဥပဒေကို ပြဋ္ဌာန်းလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိကြောင်း၊ ပြည်နယ်လွှတ်တော်ဥပဒေပြုပိုင်ခွင့်အာဏာကိုကျင့်သုံး၍ ပြဋ္ဌာန်းမည့် စည်ပင်သာယာရေးဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင့်မှုမဖြစ်စေရန်သာ အဓိကအရေးကြီးကြောင်း ဆုံးဖြတ်ခဲ့သည်။

၅၂။ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တင်သွင်းလာသည့် ပြည်နယ်ဥပဒေပြုခြင်းနှင့်စပ်လျဉ်းသော ပြဿနာများကို အောက်ပါအတိုင်း အနက်အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပါသည် -

(က) တည်ဆဲဥပဒေအချို့၊ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်အချို့တို့ကို ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမရှိစေကာမူ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ ပါ ကဏ္ဍများအတွက် ဥပဒေပြုပြဋ္ဌာန်းသော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဆန့်ကျင်ခြင်းမရှိပါက အတည်ဖြစ်ကြောင်း၊

(ခ) တည်ဆဲဥပဒေအချို့၊ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်အချို့တို့ကို ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းပြုပြီးမှသာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ ပါ ကဏ္ဍများအတွက် ဥပဒေပြု ပြဋ္ဌာန်းဆောင်ရွက်ခွင့်ကို နိုင်ငံတော်သမ္မတ၏ သုံးသပ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်သင့်ကြောင်း

(၂၇-၇-၂၀၁၂) ရက်နေ့တွင် ဆုံးဖြတ်ခဲ့ပါသည်။

## တွေ့ရှိတင်ပြချက်

၅၃။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ၂၀၁၂ ခုနှစ်၊ တင်သွင်းလွှာအမှတ် ၃ တွင် နိုင်ငံတော်သမ္မတက သုံးသပ်ခဲ့သည့် တိုင်းဒေသကြီး/ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရဒေသတို့က မိမိတို့၏ဥပဒေပြုခွင့်အရ စည်ပင်သာယာရေးဆိုင်ရာဥပဒေအား အမြန်ရေးဆွဲ ပြဋ္ဌာန်းစေပြီးမှ "စည်ပင်သာယာရေးအဖွဲ့များဥပဒေ" (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ဥပဒေအမှတ် ၅/ ၉၃) ကိုရုပ်သိမ်းရန်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့သည် ဥပဒေပြဋ္ဌာန်းရန် ပြီးပြည့်စုံသည့် အခြေအနေရောက်ရှိချိန်တွင် "စည်ပင်သာယာရေးအဖွဲ့များဥပဒေ" (နိုင်ငံတော်ငြိမ်ဝပ်ပိပြား မှုတည်ဆောက်ရေးအဖွဲ့၏ ဥပဒေအမှတ် ၅/ ၉၃) ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြု ချက်ဖြင့် ဥပဒေနှင့်အညီ ရုပ်သိမ်းနိုင်ရေးဆောင်ရွက်သွားရန်ဖြစ်ကြောင်း သုံးသပ်ဆုံးဖြတ် ခဲ့သည်ကို တွေ့ရှိရပါသည်။

၅၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ ပါ ဥပဒေပြုစာရင်းအတိုင်း ဥပဒေပြုပိုင်ခွင့် အပြည့်အဝရရှိပြီးဖြစ်သည့် အတွက် မွန်ပြည်နယ်လွှတ်တော်သည် မိမိ၏ဥပဒေပြုပိုင်ခွင့်အာဏာကို ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်ရန်နှင့် စည်ပင်သာယာရေးအဖွဲ့ဥပဒေကို ပြည်နယ် တစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ ပြည်နယ်တစ်စိတ်တစ်ဒေသအတွက်သော် လည်းကောင်း အာဏာသက်ရောက်စေရန် ပြဋ္ဌာန်းခွင့်ရှိသည်ဟု ဆုံးဖြတ်ခဲ့ကြောင်း လေ့လာ တွေ့ရှိရပါသည်။

၅၅။ တင်သွင်းလွှာကို ၇-၆-၂၀၁၂ ရက်နေ့တွင် တင်သွင်းခဲ့ပြီး ၁၆-၇-၂၀၁၂ ရက်နေ့တွင် နှစ်ဖက်လျှောက်လဲချက်ကို ကြားနာခဲ့ပါသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး မှ ၂၇-၇-၂၀၁၂ ရက်နေ့တွင် တင်သွင်းလွှာအပေါ် ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြောင်း လေ့လာ တွေ့ရှိရပါသည်။

၅၆။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်နှင့်အညီ မွန်ပြည်နယ် လွှတ်တော်သည် ၁၉၉၃ ခုနှစ်၊ စည်ပင်သာယာရေးအဖွဲ့များဥပဒေကို ရုပ်သိမ်းခြင်းမရှိသေး သော်လည်း မွန်ပြည်နယ်၏ ၂၀၁၂ ခုနှစ် စည်ပင်သာယာရေးဥပဒေကို ပြဋ္ဌာန်းခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ ပြည်ထောင်စုလွှတ်တော်ရုံးက ၁၉၉၃ ခုနှစ်၊ စည်ပင်သာယာရေး

အဖွဲ့များဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ဥပဒေ အမှတ် ၅/ ၉၃) အား ရုပ်သိမ်းသည့်ဥပဒေကို ၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၂ ဖြင့် ရုပ်သိမ်းခဲ့ကြောင်းကိုလည်း လေ့လာတွေ့ရှိရပါသည်။

**နိဂုံး**

၅၇။ ဥပဒေပြုရေးနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂ (က) ၌ နိုင်ငံတော်၏ ဥပဒေပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများကို ဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်သော ဥပဒေပြုရေးအာဏာများ ခွဲဝေအပ်နှင်းထားသည်ကို တွေ့ရှိရပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၆ ဇယား ၁ တွင် ပြည်ထောင်စု၏ ဥပဒေပြုစာရင်းကိုလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈၊ ဇယား ၂ တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များ၏ ဥပဒေပြုစာရင်းကိုလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉၆ ဇယား ၃ တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၏ ဥပဒေပြုစာရင်းကိုလည်းကောင်း ပြဋ္ဌာန်းထားသည်ကို လေ့လာတွေ့ရှိရပါသည်။

၅၈။ ယခုတင်သွင်းလွှာသည် ဥပဒေပြုရေးအာဏာကို ခွဲဝေကျင့်သုံးသည့် တိုင်းဒေသကြီးလွှတ်တော်/ ပြည်နယ်လွှတ်တော်များက ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၁၈၈၊ ဇယား ၂၊ ဥပဒေပြုစာရင်းပါ ကဏ္ဍအလိုက် ကိစ္စရပ်များကို ဥပဒေပြုရာတွင် ပေါ်ပေါက်လာသော အငြင်းပွားမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသို့ တင်သွင်းလာခြင်းဖြစ်ပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ဖွဲ့စည်းပုံအခြေခံဥပဒေပါ အပိုဒ်များ၏အဓိပ္ပာယ်ကို ကျယ်ပြန့်စွာ စဉ်းစားသုံးသပ်ဆုံးဖြတ်ခဲ့ပါကြောင်း၊ ဥပဒေပြုရေးကဏ္ဍ၊ အုပ်ချုပ်ရေးကဏ္ဍနှင့် တရားစီရင်ရေးကဏ္ဍတို့၏ အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်းပြုသည့် မူသဘောတရားတို့ကို ကျင့်သုံးဆောင်ရွက်သည်ဟု ယူဆရကြောင်း တင်ပြအပ်ပါသည်။

**ကျမ်းကိုးစာရင်း**

၁။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (၁၉၄၇)

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၇၄)

၃။ https://myanmar.gov.mm/constitutional-tribunal

၄။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)

၅။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ(၂၀၁၀)

၆။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနည်းဥပဒေ(၂၀၁၅)

၇။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှဆုံးဖြတ်ခဲ့သော တင်သွင်းလွှာအမှတ် ၃/၂၀၁၂

၈။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ ထုတ်ဝေခဲ့သော စီရင်ထုံးများ (၂၀၁၂)

၉။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအကြောင်းသိကောင်းစရာ